ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီဌာန)

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ကြံ့ခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ရေနံတောင်ကျေးရွာအုပ်စု၊ ငွေးတောက်ကုန်းကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ




မြို့နယ်မြေပုံ

၂။ ကျေးရွာတည်နေရာပြမြေပုံ




ကျေးရွာတည်နေရာပြမြေပုံ

## ၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ရေနံတောင်ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်းများမှာ-

၁။ **ဝွေးတောက်ကုန်းကျေးရွာ**

၂။ ကြည်တိုင်ကွင်းကျေးရွာ

၃။ ရေငံကျေးရွာ

၄။ အေးချမ်းမာလာကျေးရွာ

၅။ လက်ပံခုံကျေးရွာ

၆။ ကဒူးခုံကျေးရွာ

၇။ ရေနံတောင်ကျေးရွာ

၈။ သိမ်ကုန်းကျေးရွာ

၉။ ညောင်ဝိုင်းကျေးရွာ

၁၀။ ညောင်ကုန်းကျေးရွာ

၁၁။ ကွင်းလျားလေးကျေးရွာ

၁၂။ ကွင်းလျားကြီးကျေးရွာ ဟူ၍

ရေနံတောင်ကျေးရွာ အုပ်စုတွင် ကျေးရွာပေါင်း (၁၂) ရွာဖြင့် ဖွဲ့စည်းထားပါသည်။

**၄။ ကျေးရွာအခြေခံအချက်အလက်များ**

**ငွေးတောက်ကုန်းကျေးရွာ** **ရေနံတောင်ကျေးရွာအုပ်စု**

ငွေတောက်ကုန်းကျေးရွာသည် ရောဂတီတိုင်းဒေသကြီး၊ ရေနံတောင် အုပ်စုတွင် ပါဝင်သော ကျေးရွာ ဖြစ်သည်။ ရေနံတောင်အုပ်စုတွင် ၁၂ရွာ ရှိရာ ငွေးတောက်ကုန်း ကျေးရွာသည် အပါ အဝင် ဖြစ်သည်။ ထိုကျေးရွာသည် ရှေးလူကြီးများ၏ ပြောကြားချက် အရ ရွာစတင်တည် ရာတွင် လယ်သမား များသည် မိမိအိမ်မှ လယ်ကွင်းများ ရှိရာသို့လာရာတွင် အလွန်ဝေးသောကြောင့် တဲလေးများ ထိုးကာ နေထိုင်ကြသည်။တဲအိမ (၂၀) ခန့် ရှိသောကြောင့် တဲကုန်းဟု အစဦးက ခေါ်ဝေါ် ကြသည်။ နောက်ပိုင်းတွင် လူနေအိမ်ခြေတိုး လာပြီးရွာလေးတစ်ရွာ ဖြစ်လာသည်။ ထိုရွာလေးတွင် ငွေးတောက် ပင်များ အလွန်းပေါ်များသောကြောင့်တဲကုန်းဟူသော ရွာနာမည်မှ ငွေးတောက်ကုန်း ကျေးရွာဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင် နတ်မီးတောင် ဟုခေါ်သော တောင်တစ်တောင် ရှိသည်။ ကျေးရွာဘေးတွင် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးရှိသည်။ နွေရာသီတွင် စမ်းချောင်းရေမှာ အနည်းအငယ် သာရှိသည်။ငွေးတောက်ကုန်းကျေးရွာမှာ ကြံခင်း-မြန်အောင် မြို့စပ်၌ တည်ရှိသည်။ ငွေးတောက်ကုန်းကျေးရွာသည် အိမ်ခြေပေါင်း ၅၃ ရှိသည်။ အမျိုးသား ဦးရေမှာ ၁၁၈ ဦးရှိသည်။ အမျိုးသမီးဦးရေမှာ ၁၁၃ ဦးရေ ရှိသည်။ အမျိုးသား အိမ်ထောင် ဦးစီးမှာ ၅၀ ရှိပြီး အမျိုးသမီး အိမ်ထောင်ဦးစီးမှာ ၃ အိမ်ထောင်ဦး စီးရှိသည်။

ကျေးရွာတွင်း လမ်းမှာ မြေနီခင်းလမ်း ဖြစ်သည်။ ကျေးရွာတွင် ပညာရေးအတွက် စာသင်ကျောင်း မရှိပါ။ ၆ ဖာလုံခန့်ဝေးသော ကျည်တိုင်ကွင်း စာသင်ကျောင်းသို့မူလတန်းအထိ တက်ရောက်ရသည်။အထက်တန်း ကျောင်းကို ၃မိုင်ခန့်ဝေးသောရေနံတောင်ကျေးရွာရှိ အထက်တန်း ကျာင်းခွဲ သို့သွားရောက် ပညာသင်ကြားရသည်။ပညာရေး၌အားနည်းသော ကျေးရွာလေးဖြစ်ပါသည်။

ရွာဦးပိုင်းတွင် ယခင်က ကိုးကွယ်ခဲ့သော ဓမ္မာရုံရှိသည်။ ထိုဓမ္မရုံမှာ ကျေးရွာမှ ကိုယ်ထူ ကိုယ်ထ စုပေါင်းလှူထားသော ဓမ္မာရုံဖြစ်သည်။ ယခုအခါတွင် ထိုဓမ္မာရုံတွင် ကျောင်းထိုင်မည့် ဘုန်းကြီး မရှိသည့်အတွက် ပျက်စီးယိုယွင်းနေသည်။ အနီးအနားတွင် ရှိသော ကျည်တိုင်ကွင်း ဘုန်းကြီး ကျောင်းသို့သာ ကိုးကွယ်ကြသည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိပါ။ နေမကောင်းဖြစ်လျှင် ရေနံတောင် ကျန်းမာရေး ဌာနခွဲသို့ သွား ရောက်ကုသရသည်။


လမ်းပန်းဆက်သွယ်ရေး အတွက် ကျေးရွာချင်းဆက် လမ်းမှာ ကောင်းမွန်ရန် အတွက် အထူးပင် အရေးကြီးနေသည်။ ထိုလမ်းများ ကောင်းမွန်လျှင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် လွယ်ကူ ပြီးစီးပွားရေး ကောင်းမွန်မည် ဖြစ်ကြောင်း။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာလုပ်ငန်း၊အင်ဖက် လုပ်ငန်းဖြစ်သည်။ ကျေးရွာ၏ လိုအပ်ချက်မှာ သောက်သုံးရေ မဖူလုံခြင်း ဖြစ်သည်။ သောက်သုံးရေ အတွက် ရေတွင်းတူး၍ မရကြောင်း။ အုတ်တွင်းတူး၍ ခါးပတ်ရေသာ အသုံးပြုနေကျသည်။ငွေးတောက်ကုန်းကျေးရွာတွင် ဂေါ်ဗီရှင်း မှဖွဲ့စည်းထားသော အဖွဲ့အစည်းရှိသည်။ ထိုအဖွဲ့မှ ရွာအဝင် ဂုံးနှင့် အုတ်ရေတွင်း ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေကြသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ | ၅.၁၂.၂၀၁၆ | ရပ်မိရပ်ဖ ကော်မတီဝင်များ ရပ်ရွာလူထုများ | ၂ | ၁၀ | ၁၂ | -ဒေသတွင်း သဘာဝအရင်းအမြစ်များ<br>-လူမှုအဆောက်အအုံများ<br>-ဘာသာရေး အဆောက်အဦများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | ၅.၁၂.၂၀၁၆ | ကော်မတီဝင် များနှင့် ရပ်ရွာလူထုများ | ၄ | ၂ | ၆ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လ အလိုက်ဝင်ငွေများ၊အလုပ်အကိုင်အ ခွင့်အလမ်းများ၊ပွဲတော်များ၊သဘာဝ ဘေးများ၊လယ်ယာလုပ်ငန်းနှင့် အခြား လုပ်ငန်းများ |
| ၃ | ဥစ္စာနေအဆင့် သတ်မှတ်ခြင်း | ၅.၁၂.၂၀၁၆ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး အလွန်နွမ်းပါးအုပ်စု | ၄ | ၄ | ၈ | -ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြား သတ်မှတ်နိုင်ရေး<br>-အဆင့်အလိုက် အခြေခံစံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှုစီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ | ၅.၁၂.၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၃ | ၄ | ၇ | -ကျေးရွာတွင်း၊ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ |
| ၅ | ပင့်ကူအိမ်ကွန်ယက် | ၅.၁၂.၂၀၁၆ | ကျေးရွာရှိအမျိုးသား များနှင့်အမျိုးသမီး များ | ၄ | ၃ | ၇ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှု အချိုး၊အမျိုးသားနှင့်အမျိုးသမီးတို့ တန်းတူအခွင့်အရေးရရှိမှု သုံးသပ်ချက် |
| ၆ | အရင်းအမြစ်များအ ပေါ်အသုံးချနိုင်မှု လွှမ်းမိုးမှုနှင့်ဆုံးဖြတ် ချက်ချနိုင်မှု | ၅.၁၂.၂၀၁၆ | ကျေးရွာအမျိုးသား များနှင့်အမျိုးသမီး များ | ၈ | ၆ | ၁၄ | -အရင်းအမြစ်များပေါ်တွင်(ကျား/မ)အ သုံးချနိုင်မှု၊ထိန်းချုပ်မှုတွင်မည်သည့်အ ကြောင်းကြောင့်နည်း၊<br>-မည်သို့ညီမျှစွာ ခံစားခွင့်ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ | ၆.၁၂.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | ၁၅ | ၁၈ | ၃၃ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောက်အ ယှက် အတားအဆီး၊အခက်အခဲများ။<br>- လိုအပ်ချက်များ |
| ၈ | ကျေးရွာမျှော်မှန်း ချက်များ | ၆.၁၂.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | ၁၅ | ၁၈ | ၃၃ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေမျှော် မှန်းထားသလဲ။<br>-ဘာကြောင့် မျှော်မှန်းထားသလဲ |
| ၉ | ကျေးရွာဦးစားပေးလုပ် ငန်းများ | ၁၉.၉.၂၀၁၇ | ကော်မတီဝင်များ ရပ်ရွာလူထုများနှင့် တက်ရောက်သူအားလုံး း။ | ၁၅ | ၁၈ | ၃၃ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**၆။ (က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>**




# လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)


- လယ်ယာ ၊ကိုင်း၊ ချောင်း များကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- သောက်သုံးရေ ရရှိမှုမှာ ကျေးရွာတွင်းတွင် အိမ်ခြေအနည်းငယ် တွင်သာ သောက်သုံးရေ အတွက် အဆင်ပြေကြသည်။ အိမ်ခြေအများစုမှာ ချောင်းရေကိုသာ အားကိုး ကြရသည်။ မိုးတွင်းပိုင်းများတွင် ချောင်းရေလျှံသဖြင့် သောက်သုံးရေအတွက် မိုးရေကိုသာ သောက် သုံးကြရသည်။
- ကျေးရွာမှာ မိုးတွင်းရာသီများတွင် ချောင်းရေလျှံခြင်း ဒဏ်ကို ခံရသည်။ ကျေးရွာတွင် မိုးတွင်း ပိုင်းတွင် ချောင်းရေလျှံသဖြင့် ရွာတွင်းလမ်းမှာ မကောင်းသဖြင့် ပထမနှစ်စီမံကိန်းတွင် ချောင်း ကျောက်ခင်းခြင်းလုပ်ငန်းကို လုပ်ဆောင်ကြသည်။
- စိုက်ပျိုးမြေယာ ပိုင်ဆိုင်မှု နည်းပါးပြီး လက်လုပ်လက်စားများပြားသည်။ ကျေးရွာတွင် ဗမာ လူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။

### ဖွံ့ဖြိုးရေးလိုအပ်ချက်

| | |
|---|---|
| • ရေပေးဝေရေးစနစ် | သောက်သုံးရေလုံလောက်စွာရရှိရန် |
| • အစည်းအဝေးခန်းမ | ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် |
| • ရွာတွင်း-ရွာချင်းဆက်ချောင်းကျောက်လမ်း | ကူးသန်းရောင်းဝယ်ရေးအဆင်ပြေရန် |
| • အားကစားကွင်း | ကလေးသူငယ်များအန္တရာယ်ကင်းစွာ ဆော့ကစားရန်။ |
| • ဆေးပေးခန်း | ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက် မှုရရှိရန်။ |
| • လက်မှုပညာ | အသက်မွေးဝမ်းကြောင်းအတွက်လက် မှုပညာဆိုင်ရာ သင်တန်းများ။ |

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း**

**၆။(ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>**



ရေနံတောင်အုပ်စု ဥစ္စာဓနအဆင့်သတ်မှတ်ချက် ၅.၁၂.၂၀၁၆ ရွှေတောက်ကုန်းရွာ

| အဆင့် | အကြောင်းအရာ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| A | တိုက်အိမ်/ ချေးငွေ့စက်၊ထွန်စက်၊ဆိုင်ကယ် နွား၊လက်ဝတ်ရတနာ၊ဝက်၊ကြက်၊လယ်မြေဧက(၁၀) ကိုင်း၊ကျွန်းစိုက်ခင်း | ၁ | ၁.၈ |
| B | သွပ်မိုး၊ထရံကာ၊လယ်မြေ၊ထွန်စက်၊ဆိုင်ကယ် ကိုင်း၊လက်ဝတ်ရတနာ၊နွား၊ကြက်၊ဝက်၊ဘဲ | ၁၀ | ၁၈.၂ |
| C | ဖက်မိုး၊ထရံကာ၊လက်လုပ်လက်စား၊ဝက် ကြက်၊နွား၊ဆိုင်ကယ် | ၂၉ | ၅၂.၇ |
| D | ဓနိအိမ်/ လက်လုပ်လက်စား | ၁၅ | ၂၇.၃ |
| အမျိုးသား - ၁၈<br>အမျိုးသမီး - ၁၂ | စုစုပေါင်း | ၅၅ | ၁၀၀ |

**လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း**

**ဥစ္စာခနက္ကွယ်ဂမ္ဘဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

▪ ကျေးရွာတွင် လူမှုအဆင့် သတ်မှတ်ရာတွင် (က၊ခ၊ဂ၊ဃ) အဆင့်သတ်မှတ်ပြီး ရေးဆွဲခဲ့ သည်။ အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင် စုများသည် အသင့်အတင့်အုပ်စု၊ အဆင့်(ဂ)အိမ်ထောင်စု များသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ) အိမ်ထောင်စု များ သည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.

▪ ချမ်းသာသောအုပ်စုမှာ (၂)အိမ်ထောင်စု၊ အသင့်အတင့်အုပ်စုမှာ(၁၃)အိမ်ထောင်စု၊ နွမ်း ပါးသောအုပ်စုမှာ (၁၅)အိမ်ထောင်စု၊ အလွန်နွမ်းပါးသောအုပ်စုမှာ (၂၇)အိမ်ထောင်စု သတ်မှတ်ခဲ့သည်။


▪ နွမ်းပါး၊ အလွန်နွမ်းပါးသော အကြောင်းအရင်း များမှာ လက်လုပ်လက်စား များခြင်း၊ ပုံမှန် ဝင်ငွေ ရရှိရန်အတွက် အလုပ်အကိုင် ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။

▪ အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူ များနှင့် ကျေးရွာလူထု၏ သတ်မှတ်သော အဆင့်များ၊ ၄င်းတို့၏ လိုအပ်ချက်များကို ဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။

▪ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်လုပ်ငန်းများတွင် ကျေးရွာလူထု နွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ် အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သည်။

**၆။** ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(က) <u>ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>**




**ရာသီခွင်ပြက္ခဒိန်**

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ ကိုင်းစိုက်ပျိုးရေးလုပ်ငန်း များသည် ကျေးရွာ၏ ဝင်ငွေ ရရှိသော လုပ်ငန်း များဖြစ်သည်။
- လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းများလုပ်ဆောင်ချိန်တွင် လုပ်အားခများများရရှိ၊(နယုန်လ၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊နတ်တော်၊ပြာသို၊တပေါင်း)
- အခြား လုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိ(လက်လုပ်လက်စားများပြား)။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှုမှာ လုပ်ငန်းလုပ်ဆောင်ရမှု ကွာခြားမှုကြောင့် ကွဲပြားမှုရှိပါသည်။
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊ (အိမ်တွင်းမှု ပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ တော်သလင်း၊ တပိုတွဲလ များတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ တန်ခူး၊ နယုန်၊ ဝါဆို၊ တန်ဆောင်းမုန်း၊ နတ်တော် ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ် ကြုံတွေ့ရလျှင် ဘက်ရဲ ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- သောက်သုံးရေးဖူလုံမှုမှာ ကျေးရွာတစ်ရွာလုံးအနေဖြင့် ဖူလုံမှုရှိသည်။
- လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကျေးရွာတွင် လမ်းမှာ မြေသားလမ်းဖြစ်သည်။ရွာချင်း ဆက် လမ်းများမှာ ကျောက်ချောခင်းလမ်း၊ ချောင်းကျောက်ခင်းလမ်း များဖြစ်သည်။ ကျေးရွာနှင့် အခြားကျေးရွာများသို့ဆက်သွယ်ရာတွင် လမ်းမှာ ကောင်းမွန်မှုမရှိ၊( မိုး တွင်းရာသီများတွင် ခက်ခဲမှုမရှိ)

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

<u>၆။(ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်


**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အိမ်တွင်းမှုတွင် သိသာစွာကွာခြားနေသည်ကိုတွေ့ရပါသည်။ ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမိုအခွင့်အလမ်းများနေသည်ကိုတွေ့ရပါသည်။
- ကျန်းမာရေးစောင့်ရှောက်မှုတွင် အခွင့်အရေးတူညီစွာရရှိနေသည်ကိုတွေ့ရှိရပြီး ဘာသာရေးတွင်လည်း အခွင့်အရေးတူညီနေသည်ကိုတွေ့ရပါသည်။
- အလုပ်အကိုင်အခွင့်အလမ်းတွင်လည်း တူညီနေသည်ကိုတွေ့ရှိပြီး စီးပွားရေးလုပ်ကိုင်ရှာဖွေနိုင်မှုတွင် အမျိုးသားများက သိသာစွာများပြားနေသည်ကိုတွေ့ရှိရပါသည်။
- အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသားများသာ သိသာစွာဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။
- လူမှုရေးလုပ်ငန်းများတွင်လည်း အမျိုးသားများသာ ဦးဆောင်နေသည်ကိုတွေ့ရှိခဲ့ရပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(င) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>**






**အရင်းအမြစ်များအပေါ် အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ**

**အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။ အိမ်တွင်းမှုပစ္စည်းများနှင့် အိမ်မွေးတိရိစ္ဆာန်များကိုသာ အမျိုးသမီးများက အသုံးပြုကြသည်ကို သာတွေ့ရှိရသည်။
- လယ်ထွန်စက်၊ ထွန်၊ ထယ်၊ လှည်း၊နွားများကိုသာ အမျိုးသားများ သီးသန့်အသုံးပြုကြသည်။
- ဖုန်း၊လယ်၊ဝက်၊ ကိုင်း စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအ မြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>**





**<u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ</u>**

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်ပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ် အုပ်ချုပ်ရေး မှူးနှင့် လည်းပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း ဘက်ရဲမီးသတ်ဌာနဖြင့် ဆက်သွယ်၍အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်သည့် လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- ကျေးရွာတွင် စာသင်ကျောင်းမရှိသော်လည်း ကျောင်းသားလူငယ်များအတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကို ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိပါသည်။
- World Vision အဖွဲ့တွင် အမျိုးသား၊ အမျိုးသမီးများမှ ပါဝင်ဆောင်ရွက်ကာ ကျေးရွာအကျိုးသယ်ပိုးလျှက်ရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(ဆ) <u>အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။</u>**




**အခက်အခဲ ပြဿနာများ**

**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**


- လမ်းပန်းဆက်သွယ်ရေးအခက်အခဲ
- ဓမ္မာရုံမရှိ၍ ဘာသာရေးအတွက်အခက်အခဲ
- မီးလင်းရန်အတွက် ဆိုလာမီးနှင့် နည်းပညာအခက်အခဲ
- စာသင်ကျောင်းဆောင်နှင့် ဝန်ထမ်းမရှိသည့်အခက်အခဲ
- ရွာလယ်ရေမြောင်းအတွက် ခိုင်ခန့်သော တံတားမရှိသည့်အခက်အခဲ

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- ကျန်းမာရေးအတွက် ဆေးပေးခန်းတည်ဆောက်ရန်နေရာ အခက်အခဲ။
- ကျန်းမာရေးအတွက် ဆေးပေးခန်းအခက်အခဲ။
- စာသင်ကျောင်းဆောင်အတွက် မြေနေရာအခက်အခဲ။
- ဓမ္မာရုံမရှိ၍ ဘာသာရေးအတွက်အခက်အခဲ

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း**

**၆။(ဈ) <u>ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>**




**ကျေးရွာမျှော်မှန်းချက်များ**

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- ပညာရေးအတွက် စာသင်ကျောင်း။
- ဘာသာရေးအတွက် ဓမ္မာရုံ။
- လမ်းနှင့် တံတားများကောင်းမွန်စေရေး။
- ကျေးရွာတွင်း ဆိုလာမီးလင်းရေး။

**အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ**

- မူလတန်းကျောင်းရှိပါတယ်။
- ဘာသာရေးအတွက် ဓမ္မာရုံ။
- ရွာလယ်တွင် ရိုးကူးတံတားလေးရှိချင်ပါတယ်။
- လျှပ်စစ်မီးများ တစ်ရွာလုံးလင်းစေချင်ပါတယ်။
- ကျန်းမာရေးအတွက် ဆေးပေးခန်းရှိချင်ပါတယ်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း**

**၆။(ဈ) <u>ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။</u>**




**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလို အပ်ချက်များ**

**အမျိုးသားများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**


- ဘက်စုံသုံးခန်းမဆောင်
- ရွာတွင်းနှင့် ရွာချင်းဆက်ချောင်းကျောက်ခင်းလမ်း။
- ရွာလယ်ချောင်းကူးတံတား။
- အုတ်ရေတွင်း(၂)တွင်း။
- စပါးမျိုးကောင်းမျိုးသန့်။
- နွားမွေးမြူရေး။

**အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- အစည်းအဝေးခန်းမဆောင်။
- ရေစင်၊ရေစက်၊ရေစက်ရုံ။
- စာကြည့်တိုက်။
- မူကြိုကျောင်း။
- စာသင်ကျောင်း
- အုတ်ရေတွင်း(၂)တွင်း။
- ရွာတွင်းနှင့် ရွာချင်းဆက်ချောင်းကျောက်ခင်းလမ်း။
- နွားမွေးမြူရေး။
- ကြက်မွေးမြူရေး။
- ဝက်မွေးမြူရေး။
- ဘဲမွေးမြူရေး။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(ည) <u>ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>**




**ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ**

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ





ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ကော်မတီ အဖွဲ့ဝင်စာရင်း

မြို့နယ် ။ ကျုံ့ပျော်            ကျေးရွာ ။ ရွှေတောင်ကုန်း

ကော်မတီဖွဲ့စည်းသည့်ရက်စွဲ ။ 19.9.2017.

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးခင်မြင့်. | 09-785410732 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ခင်မာချို | 09-772808046 | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဗိုလ်ဦး | 09-798025778. | |
| ၄ | | အဖွဲ့ဝင် | ဦးအေးချို | 09976228813 | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ယဉ်ယဉ်အေး | | |
| ၆ | စောင့်ကြည့်စီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ရာပ်စန်း. | | |
| ၇ | | အဖွဲ့ဝင် | ဦးမြင့်ဆွေအောင် | | |
| ၈ | | အဖွဲ့ဝင် | ဦးမောင်နိုင် | 0977382905. | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝေးဝေ. | 09-971931237. | |
| ၁၀ | | အဖွဲ့ဝင် | ဦးစိုးမိုး. | | |
| ၁၁ | | အဖွဲ့ဝင် | ဦးစိုးဝင်း. | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်တင်မာဆွေ. | 0973280846. | |
| ၁၃ | အငြင်းပွားမှုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးလှကျော် | 09767532543. | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်စိုးစိုး | 09-450418208 | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဝင်းမြင့်. | | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်ပန်းဝေ. | 09455337166. | |

တာဝန်ကျဝန်ထမ်းများ

ဦးသက်ဝင်းညို - လူထုစည်းရုံးရေးမှူး

ဒေါ်ခင်ဝေမြင့် - လက်ထောက်နည်းပညာမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | | |
|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | | လူထုစည်းရုံးရေးမှူး၏ အမည် | |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | | ကျေးရွာအုပ်စု ရေနံ့တောင် | | ကျေးရွာ ရွှေတောက်ကျွန်း | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၅ | ဘာသာ (၁) ဗုဒ္ဓ | ၅၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | အမျိုးသား - ၂ | အမျိုးသမီး - ၁ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | အမျိုးသား - ၅ | အမျိုးသမီး - ၄ | |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၁၃ | ၁၀၈ |
| လူမျိုးစု (၁) ဗမာ | ၁၁၃ | ၁၀၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၅၃ | ၂ |

**(ခ)** အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးစိုင်းခေါ်မိုး

လက်မှတ် — နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် — နေ့စွဲ ၁၀.၁၀.၁၇

## ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးသက်ပိုင်ဦး < CF > ၊ ဒေါ်အိအိချောဝင်း < TF > | | | |
| နေ့စွဲ 19.9.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီတိုင်း | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု ဓနုံတောင် | ကျေးရွာ - တဲ့တောက်ကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.9.2017 | 19.9.2017 | 28 | 16 | 44 | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.9.2017 | 19.9.2017 | 28 | 16 | 44 | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.2017 | 24.10.2017 | 32 | 19 | 51 | 47/1/3 ဗမာ၊ ကရင်၊ ချင်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးသက်ပိုင်စိုး |
| နေ့စွဲ 19.9.2017 / စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေးတိုင်း / မြို့နယ် - ကြံခင် / ကျေးရွာအုပ်စု [illegible] / ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေကြည်ရေ ရှားပါးမှု အခက်အခဲ | ၁ | စာသင်ကျောင်း အတွက် [illegible] ၊ ဆရာမ မရှိခြင်း |
| ၂ | ကျောင်းသားများ ပညာသင်ရေး အခက်အခဲဖြစ် | ၂ | ရေကြည်ရေ ရှားပါးမှု အခက်အခဲ |
| ၃ | မီးလင်းရေးအတွက် ဆိုလာမရှိမှုအခက် | ၃ | [illegible] မရှိသည့်အတွက် ပညာသင်ရေး အခက်အခဲဖြစ်ခြင်း |
| ၄ | စာသင်ကျောင်း အဆောက်အအုံနှင့် ဆရာ/ဆရာမ အင်အား မရှိခြင်း | ၄ | မီးလင်းရေးအတွက် ဆိုလာ မရှိသည့် အခက်အခဲ |
| ၅ | | ၅ | ဆေးပေးခန်း အတွက် ဆေးဝါးမရှိခြင်းနှင့် ဆရာဝန် အင်အား မရှိခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ပညာသင်ကြားရေး အတွက် စာသင်ကျောင်း ရှိချင် | ၁ | ဆရာမ ရှိစေချင် |
| ၂ | ရွာလယ်တွင် ရေကန်တစ်ကန် ရှိစေချင် | ၂ | မူကြို ကျောင်း ရှိစေချင် |
| ၃ | တစ်ရွာလုံး မီးထိန်ထိန်လင်းစေချင် | ၃ | ရွာလယ်တွင် [illegible] ရှိစေချင် |
| ၄ | ဆေးပေးခန်း ရှိစေချင် | ၄ | တစ်ရွာလုံး လျှပ်စစ်မီး ထိန်ထိန်လင်းစေချင် |
| ၅ | | ၅ | ကျန်းမာရေးအတွက် ဆေးပေးခန်း ရှိစေချင် |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ချောင်းကူးတံတား | ကျား + မ. | ၅၃ သိန်း | ၂၂၁ |
| ၂ | [illegible] | ကျား + မ. | ၇၇ သိန်း | ၂၂၁ |
| ၃ | အုတ်ရေတွင်း | မ. | ၂၅ သိန်း | ၂၂၁ |
| ၄ | ရေလှောင်ကန် (၆၀၀၀) | မ. | ၅၀ သိန်း | ၂၂၁ |
| ၅ | [illegible] | ကျား+မ | - | ၂၂၁ |
| ၆ | စာကြည့်တိုက် . | ကျား+မ | ၅၅ သိန်း | ၂၂၁ |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | ကျား + မ. | |
| ၂ | [illegible] | ကျား + မ | |
| ၃ | စာသင်ကျောင်း | ကျား. | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ 19.9.2017.

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၁)

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးသက်ထိုင်ဦး၊ ဒေါ်မေစိုးချ၊ ဒေါ်မာမာဝင် | | | |
| နေ့စွဲ ၂၄.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရေနံတောင် | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| လက်ပံ၃ | ဘက်စုံသုံး ခန်းမဆောင် | ၂၀'×၃၀'×၁၂' | ၁၆၁ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၇၇ သိန်း | | \| | ၇၇ သိန်း |
| ရေငံ | ဘက်စုံသုံး ခန်းမဆောင် | ၂၀'×၃၀'×၁၂' | ၂၉၁ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၇၇ သိန်း | | \| | ၇၇ သိန်း |
| ကျည်တိုင်ကွင်း | ရိုးပေါက် (၃)ခု | (၁၂'×၉'×၅') ×၃ | ၃၁၆ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၆၀ သိန်း | | \| | ၆၀ သိန်း |
| ရွှေတောက်ကုန်း | ချောင်းကူး တံတား (ကွန်ကရစ်) | ၁၅'×၈'×၇' | ၂၂၁ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၅၃ သိန်း | | \| | ၅၃ သိန်း |
| ရေနံတောင် | အ.မ.က ကျောင်းဖြင့် ခြံစည်းရိုး | ၁၃၁၅' | | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၇၃ သိန်း ၄၆သောင်း | | ၆ သိန်း ၆ သောင်း | ၈၀ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် လက်မှတ် ရက်စွဲ

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ခွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဒေါ်နှချမ်း မာလာ | ရွာတွင်း ချောင်းကျော် လမ်းခင်းခြင်းနှင့် ရုံးပေါက်(၂)ခု | ၂၈၅၀'x၁၂'x၄'' ၈'x၈'x၃' ၁၇'x၅'-၅''x၃' | ၁၅၆ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၅၂ သိန်း | | | | ၅၂ သိန်း |
| ဒေါ်ခင်ဝိုင်း | ချောင်းကျော် လမ်းခင်းခြင်း | ၂၅၈၅'x၁၂'x ၄'' | ၃၄၅ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃၀ သိန်း | | | | ၃၀ သိန်း |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦးအင်ခိုင်ဝင်း

လက်မှတ် (signature) ရက်စွဲ ၂၄.၁၀.၂၀၁၇

## အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ရေနံတောင်အုပ်စု၊ ငွေးတောက်ကုန်းကျေးရွာ

ပထမအကြိမ်အစည်းအဝေးမှတ်တမ်း

ငွေးတောက်ကုန်း ကျေးရွာတွင် ပထမအကြိမ် ကျေးရွာ အစည်းအဝေးကို (၁၉.၉.၂၀၁၇) နေ့လည် ၈ း၃၀နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့် အမှာ စကားပြော ကြားခြင်း။

-ဝန်ထမ်းများမှ မိတ်ဆက်စကားပြောကြားခြင်း။(၈း၃၀) ဦးသက်ပိုင်ဦး

-ကျေးရွာစီ/ထောက် ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။ (၉း၀၀) ဦးသက်ပိုင်ဦး

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။(၁၀း၀၀) ဦးသက်ပိုင်ဦး

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။(၁၀း၃၀)

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။(၁၀း၃၅) ဦးသက်ပိုင်ဦး

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီး ကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။ (၁၁း၁၅) ဦးသက်ပိုင်ဦး

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။ ဒေါ်ဇင်မြတ်မွန်
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။ ဒေါ်ဇင်မြတ်မွန်
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။ ဦးညီညီလွင်

- အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ်နိုင်ခဲ့သည်။
- ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး
- ဉစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနစ်ချုပ်ရှင်းပြ ၍ ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ပြီးဆုံးသည့်။

ပထမအကြိမ်ကျေးရွာအစည်းအဝေးပြီးဆုံး

********************

**အစည်းအဝေးမှတ်တမ်း**

ကြံခင်းမြို့နယ်၊ ရေနံတောင်အုပ်စု၊ ငွေးတောက်ကုန်းကျေးရွာ

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနေ့အစည်းအဝေး)( ၁၉.၉.၂၀၁၇)

ငွေးတောက်ကုန်းကျေးရွာတွင် ဒုတိယနေ့အစည်းအဝေးကို နေ့လည် ၁း၀၀ နာရီတွင်စတင်၍ ဒုတိယနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြသည်။ ထို့နောက် ပထမနေ့က ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်းများ ကို ပြန်လည် အနှစ်ချုပ်ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး (၁း၃၀)

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။(၁း၄၅)

-ကျေးရွာပြည်သူလူထုရှိ မိမိကျေးရွာအပေါ်တွင်ထားရှိသော မျှော်မှန်းချက်များကို အမျိုးသား/အမျိုးသ မီး ဝိုင်းဖွဲ့ပြီး ဆွေးနွေးခဲ့ကြသည်။ ကျေးရွာတွင် မီးလင်းရေးကို ဦးစားပေးပြီး မျှော်မှန်းထားကြောင်းတွေ့ရှိရ သည်။(၂း၁၅)

ငွေးတောက်ကုန်းကျေးရွာ ကော်မတီကိုဖွဲ့စည်းနိုင်ခဲ့သည်။

ကော်မတီများကိုလည်း အများအဆိုပြုစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။

ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝအကာအကွယ်များကို ရှင်းပြခြင်း၊ ဒေါ်အိရွှေစင်

စီမံကိန်းတွင် အကျုံးဝင်/မဝင်ကို ရှင်းပြခြင်း။ ဒေါ်အိရွှေစင်

ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

**********************************************

ရေနံတောင်အုပ်စု
ဂွေးတောက်ကျွန်းကျေးရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းနှင့် ရွာချင်းဆက်ချောင်း ကျောက်လမ်း | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ဒုတ်ရေတွင်း (လက်တူးတွင်း) | – / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ချောင်းကူး ဂုံးတံတား | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | အစည်းအဝေးခန်းမဆောင် | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | စာကြည့်တိုက် | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေး[illegible] / စီးပွား[illegible] | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| [illegible] | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | မူကြိုကျောင်းသစ် (ဆရာ/မများအပါအဝင်) | ကျား / မ | ၂၀၁၇ | [illegible] | |
| | ၂ | စာသင်ကျောင်း (အသစ်) | ကျား | ၂၀၁၇ | ပညာရေးဌာန | ပညာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မွေးမြူရေး | ကျား / မ | ၂၀၁၇ | | |
| | ၂ | စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုး | ကျား / မ | ၂၀၁၇ | | |
| | | သန့်များ | | | | |
| | | | | | | |
| | | | | | | |